ကုမုဒြာ ဂျာနယ်
The Kumudra Weekly

**The Kumudra Weekly, 25 March 2005**

# ယူနီဆက်ရဲ့စာကြည့်တိုက် လူငယ်ကြိုက်ဗဟုသုတစာအုပ်တွေ ထားတော့မည်

**ရန်ကုန်၊ မတ် ၁၆–** ယူနီဆက်ရဲ့ စာကြည့်တိုက်ကို လူငယ်တွေ ပိုမိုလာရောက် ဖတ်ရှုဖို့အတွက် လူငယ်တွေနဲ့ သက်ဆိုင်တဲ့ မြန်မာပြည်က ထုတ်ဝေတဲ့ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးစာအုပ်တွေကို ကျယ်ကျယ်ပြန့်ပြန့် ထားရှိပေးတော့မယ်လို့ သိရပါတယ်။

ယူနီဆက် စာကြည့်တိုက်က မခင်မိုးမိုးအောင်က 'ယူနီဆက် စာကြည့်တိုက်မှာ စာအုပ်လာဖတ်လို့ရတယ်၊ ငှားလို့ရတယ်ဆိုတာ လူတော်တော်များများက မသိကြဘူး၊ မည်သူမဆို လာဖတ်လို့ ရတယ်၊ ငှားလို့ရတယ်၊ အခုလဲ မြန်မာ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေ စထားနေပြီ၊ နောက်လဲ ကလေးတွေစိတ်ဝင်စားပြီး အကျိုးရှိမယ့်ကဏ္ဍတွေ ထပ်တိုးချဲ့သွားမယ်' လို့ ပြောပါတယ်။





သည်လို အစီအစဉ်တွေ တိုးချဲ့ရတာက လူငယ်တွေ စာကြည့်တိုက်တွေကို များများ လာပြီး စာအုပ်တွေ ဖတ်စေချင်တာကြောင့်လို့ ဆိုတယ်။ ယူနီဆက် စာကြည့်တိုက်ဟာ မနက် ၉း၀၀ နာရီက ညနေ ၄း၀၀ နာရီအထိ ဖွင့်လှစ်ထားပြီး တစ်နေကုန် စာအုပ် လာဖတ်လို့ရပါတယ်။ လူတစ်ဦးကို စာအုပ်လေးအုပ်ကို နှစ်ပတ်အထိ ငှားလို့ရပါတယ်။ ပိုက်ဆံပေးစရာ မလိုပါဘူး။

စာအုပ်တွေ ငှားတဲ့အခါမှာ မှတ်ပုံတင်ကတ် သို့မဟုတ် ကျောင်းသားကတ် စတာတွေ တော့ ထားခဲ့ရမယ်လို့ သိရတယ်။

'ဒီလို ကတ်တွေ ထားနိုင်းရတာက တချို့ စာအုပ်ပြန်လာမအပ်ကြတာတွေ ရှိလို့၊ ဒီစာကြည့်တိုက်ကိုလာတဲ့လူအများစုက ယူနီဆက်အကြောင်းသိချင်တဲ့လူတွေ၊ ကျမ်းပြု စာတမ်း ရေးဖို့အတွက် လာရှာတဲ့လူတွေ အလာများတယ်' လို့ သူကပဲ ဆက်ပြောပါတယ်။

**အေးလေပြည့်**